သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# အပြည်ပြည်ဆိုင်ရာတရားရုံးသည် လူမျိုးတုံးသတ်ဖြတ်မှု အမှုကိစ္စအား ဆယ်စုနှစ်ကျော်အတွင်း ပထမဆုံးအကြိမ် ကျိုးကြောင်းစုံလင်သော ကြားနာစစ်ဆေးမှု လုပ်ဆောင်

## အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မြန်မာနိုင်ငံသည် ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ကြောင်းကို ဆုံးဖြတ်သင့်သည်

မြန်မာ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်

(သည်ဟိတ်ဂ်မြို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်) — မြန်မာနိုင်ငံသည် ရိုဟင်ဂျာအသိုင်းအဝိုင်းအား လူမျိုးတုံးသတ်ဖြတ်မှုအတွက် တာဝန်ရှိကြောင်းကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) အနေဖြင့် ဆုံးဖြတ်သင့်ပြီး လူမျိုးတုံးသတ်ဖြတ်မှုဟု တရားဝင်အနက်ဖွင့်ဆိုရာတွင် ရိုဟင်ဂျာများခံစားခဲ့ရသော အကြမ်းဖက်မှုအားလုံးကို ခြုံငုံထည့်သွင်းစဉ်းစားသင့်ကြောင်း Fortify Rights မှ ယနေ့ ပြောကြားသည်။ ထိုအကြမ်းဖက်မှုများတွင် သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမကွဲပြားမှုပေါ် အခြေခံသော အကြမ်းဖက်မှုများ၊ နိုင်ငံသားအဖြစ်မှ ငြင်းပယ်ခံရမှုများစသည်တို့အပြင် လူအုပ်စုတစ်စုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ဖန်တီးထားသော အသက်ရှင်ရပ်တည်ရေးအခြေအနေများ ပါဝင်သည်ဟု ဆိုသည်။

ဇန်နဝါရီလ ၁၁ ရက် တနင်္လာနေ့တွင် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ဂမ်ဘီယာ-မြန်မာ အမှု၏ လူထုကြားနာမှုအား စတင်မည်ဖြစ်သည်။ ၁၉၄၈ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှု ကွန်ဗန်းရှင်းအရ တင်သွင်းသော ဤအမှုသည် မြန်မာနိုင်ငံအား ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များရှိသည့် သမိုင်းဝင်အမှုတစ်ရပ် ဖြစ်သည်။ ICJ တွင်

FORTIFY RIGHTS

ဆယ်စုနှစ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် လူမျိုးတုံးသတ်ဖြတ်မှု အမှုကိစ္စ တစ်ရပ်အား ကျိုးကြောင်းစုံလင်သော စစ်ဆေးကြားနာမှုများပြုလုပ်ခြင်းလည်း ဖြစ်သည်။Fortify Rights ၏ အမှုဆောင်အရာရှိချုပ်နှင့် တည်ထောင်သူ Matthew Smith သည် ဂမ်ဘီယာနိုင်ငံ၏ တရားဝင် ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သူအဖြစ် သည်ဟိတ်ဂ်မြို့ရှိ ICJ ၌ ဤတရားစီရင်မှုကို ကိုယ်တိုင်တက်ရောက်သွားမည်ဖြစ်သည်။

"ဒီကြားနာစစ်ဆေးမှုဟာ မြန်မာစစ်အုပ်စုရဲ့ အာဏာလုယူခြင်းနဲ့ ပြစ်ဒဏ်မှကင်းလွတ်နေမှုတွေကို သိသိသာသာ စိန်ခေါ်နေတာ ဖြစ်ပါတယ်" ဟု Fortify Rights ၏ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးအထူးတာဝန်ခံ ဇော်ဝင်းက ပြောကြားသည်။ "ပြစ်ဒဏ်မှကင်းလွတ်နေမှုတွေဟာ အမှန်တရားဖုံးကွယ်ထားတဲ့အပေါ်မှာ မှီတည်နေပြီး တရားမျှတမှုဟာလည်း ရိုဟင်ဂျာတွေနဲ့ မြန်မာနိုင်ငံရှိ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုတွေကြောင့် ထိခိုက်နစ်နာနေရသူအားလုံး ခံစားခဲ့ရတာတွေကို အသိအမှတ်ပြုပေးခြင်းဖြင့် စတင်ရမှာဖြစ်ပါတယ်။ ဒီတရားစီရင်စစ်ဆေးမှုဟာ တာဝန်ယူမှု တာဝန်ခံမှုဆီသို့ ဦးတည်တဲ့ အရေးပါတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။"ကြားနာစစ်ဆေးမှုများကို ၂၀၂၆ ခုနှစ်၊ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ သတ်မှတ်ထားပြီး ၎င်းတွင် သက်သေထွက်ဆိုချက်များနှင့် ကျွမ်းကျင်ပညာရှင်တို့၏ အထောက်အထားကိုးကားချက်များ ပါဝင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံမှ တရားစွဲဆိုခဲ့သည့် ဤအမှုတွင် ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်တားဆီးရန်၊ အပြစ်ပေးရန် တာဝန်ရှိမှုများကို မြန်မာနိုင်ငံက ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲထားသည်။ ၎င်းတွင် သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် လူစုတစ်ခုလုံး ပျက်သုဉ်းရန် ရည်ရွယ်စီမံထားသော အသက်ရှင်ရပ်တည်ရေးအခြေအနေများကို တမင်သက်သက် ချမှတ်ခဲ့သည့် လုပ်ရပ်များ ပါဝင်သည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များက ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအား မြန်မာစစ်အုပ်စုဦးဆောင်သည့် တိုက်ခိုက်မှုများကို အဓိကထား စစ်ဆေးသော်လည်း ဤအမှုသည် ရိုဟင်ဂျာများအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အချိန်ကြာမြင့်စွာ ကျူးလွန်ခဲ့သည့်ပုံစံများနှင့် ဆက်လက်ဖြစ်ပေါ်လျက်ရှိသော လူမျိုးတုံးသတ်ဖြတ်မှု ပုံစံများကိုလည်း

စစ်ဆေးသွားမည်ဖြစ်သည်။Fortify Rights သည် ဤကြားနာစစ်ဆေးမှုများအား ရိုဟင်ဂျာများအတွက် အပြည့်ပြည့်ဆိုင်ရာ တရားမျှတမှု ရရှိရန် အရေးပါသည့် အခွင့်အရေးတစ်ရပ်အဖြစ် လက်ခံကြိုဆိုပါသည်။

"နှစ်ပေါင်း ၈၀ နီးပါးအတွင်းမှာ ကမ္ဘာ့အဆင့်အမြင့်ဆုံးတရားရုံးက လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ မူလအခွင့်အာဏာအသုံးပြုခဲ့တာ နှစ်ကြိမ်သာရှိခဲ့ပြီး ယခုလို ၁၀ နှစ်ကျော်အတွင်း ပထမဆုံးကျိုးကြောင်းစုံလင်အောင် ကြားနာစစ်ဆေးနေတာက လူမျိုးတုံးသတ်ဖြတ်မှု အမှုကိစ္စကိုပါ" ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ်နှင့် တည်ထောင်သူ Matthew Smith က ပြောကြားခဲ့သည်။ "နိုင်ငံတကာဥပဒေဟာ ရဲတပ်ဖွဲ့တွေမရှိလို့ မအောင်မြင်တာမဟုတ်ပါဘူး။ ဒါဟာ နိုင်ငံတွေအနေနဲ့ ဘာက တရားမျှတလဲဆိုတာ အကျိုးအကြောင်းသင့်ရှင်းချက်ထုတ်မှုတွေနဲ့ ကမ္ဘာက ဘာကို သည်းခံလိမ့်မယ်ဆိုတာတွေကို ပြောင်းလဲလိုက်တာကြောင့် ဖြစ်တာပါ။ ဒီတရားစီရင်မှုဟာ အထိမ်းအမှတ်သက်သက်သာဆိုရင် မြန်မာစစ်အုပ်စုက မသိကျိုးကျွန်ပြုနေမှာပါ။ အဲ့ဒီအစား သူတို့က သူတို့ရဲ့ ဥပဒေရေးရာနှင့် နိုင်ငံရေးယန္တရားအပြည့်အစုံဖြင့် စစ်စည်းရုံးပြီး တုံ့ပြန်ပါတယ်"

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကနေဒါ၊ ယူကေ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီနှင့် နယ်သာလန်စသည့် နိုင်ငံပေါင်းများစွာက ဂမ်ဘီယာနိုင်ငံမှ တင်သွင်းထားသောအမှုကို ထောက်ခံရန် ICJ တွင် ပူးတွဲဝင်ရောက်စွက်ဖက်ခြင်း ကြေညာချက်ကို တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံကို ထောက်ခံရန် ကြားဝင်စေ့စပ်သော နိုင်ငံအရေအတွက်မှာ ဗလာနတ္ထိသာဖြစ်သည်။

Fortify Rights သည် ICJ အား လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေး သဘောတူစာချုပ်အရ မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားကို ပြတ်သားစွာ အတည်ပြုပေးပြီး လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်တားဆီးရန် ပျက်ကွက်ခြင်း၊ ကျူးလွန်သူများအား အရေးယူအပြစ်ပေးရန် ပျက်ကွက်ခြင်း၊ သက်သေအထောက်အထားများ ထိန်းသိမ်းရန် ပျက်ကွက်ခြင်းနှင့် နိုင်ငံတကာဥပဒေအရ ၎င်း၏တာဝန်ဝတ္တရားများကို ဆက်လက်ချိုးဖောက်နေခြင်းတို့အတွက် မြန်မာနိုင်ငံအား တာဝန်ခံစေရန် တောင်းဆိုသည်။

Fortify Rights သည် ICJ ၏တာဝန်များကို ထောက်ခံရန်နှင့် ရိုဟင်ဂျာများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်သည့် လုပ်ဆောင်ချက်များအပါအဝင် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို လိုက်နာရေးအတွက် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပံ့ပိုးကူညီပေးရန်လည်း တိုက်တွန်းထားသည်။Fortify Rights ၏ပြောကြားချက်အရ ICJ သည် ယခင်က မြန်မာနိုင်ငံအား လူမျိုးတုံးသတ်ဖြတ်မှုများ ကာကွယ်တားဆီးရန်နှင့် သက်သေအထောက်အထားများ ထိန်းသိမ်းရန် ယာယီကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမိန့်ထုတ်ပြန်ခဲ့သော်လည်း စစ်အာဏာသိမ်းအစိုးရသည် ယင်းအမိန့်ကို ဆက်လက်လျစ်လျူရှုလျက် ရှိနေသည်။

ဤတရားရုံးတင်ကြားနာစစ်ဆေးမှုများသည် မြန်မာစစ်အုပ်စု၏ လူမဆန်စွာပစ်မှတ်ထားမှုများဖြစ်သော လူအစုအပြုံလိုက် ရွှေ့ပြောင်းခံရမှုများ၊ အရပ်သားပြည်သူများအားတိုက်ခိုက်မှုများနှင့် ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတွင်း တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများ ပျက်စီးယိုယွင်းမှုများစသည်တို့ တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေချိန်အတွင်း ဆောင်ရွက်လျက်ရှိသည်။ ထိုနောက်ခံအခြေအနေများကြားမှ လုပ်ဆောင်လျက်ရှိသော အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) လုပ်ငန်းစဉ်သည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော အပြစ်များအတွက် တာဝန်ယူမှု တာဝန်ခံမှုကို မြင့်တင်စေရန်နှင့် လူမျိုးတုံးသတ်ဖြတ်မှုကာကွယ်ရေးသဘောတူစာချုပ်ပါ နိုင်ငံများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြတ်သားစေရန် အထောက်အကူပြုနိုင်သည်။

"၂၁ ရာစုမှာ တရားမျှတမှုဆိုတာ ဘယ်လိုမျိုးလဲဆိုတာကို ကမ္ဘာက လက်ပိုက်ကြည့်နေတယ်" ဟု Fortify Rights အဖွဲ့မှ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအထူးတာဝန်ခံ ဇော်ဖ်မင်းခန့် ကဆိုသည်။ "ဒီအမှုက လူမျိုးတုံးသတ်ဖြတ်မှုမှာ အကျိုးဆက်တွေ ရှိတယ်၊သက်သေခံတွေရဲ့ အသံကို နားထောင်ရမယ်၊ နိုင်ငံတကာဥပဒေပါ တာဝန်ဝတ္တရားများကို လေးစားလိုက်နာပြီး အကောင်အထည်ဖော်ရမယ် ဆိုတာတွေကို ကမ္ဘာ့စံနှုန်းတစ်ရပ်အဖြစ် ချမှတ်ဖို့ဖြစ်ပါတယ်။"

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**Fortify Rights Communications Team**

media@fortifyrights.org

**Matthew Smith**

Chief Executive Officer (အမှုဆောင်အရာရှိချုပ်**)**

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

**အီးမေးလ်** - Matthew.Smith@FortifyRights.org

**တွစ်တာ/X -** @MatthewFSmith, @FortifyRights